လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter | သတင်းလွှာ | December 2022

# မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်၊ နေပြည်တော်

မြန်မာနိုင်ငံသက်ကြီးရွယ်အိုများ ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၁-၁၂-၂၀၂၂ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာ စကားပြောကြားရာတွင် ပြောင်းလဲလာသည့် လူဦးရေတိုးနှုန်းပေါ်မူတည်၍ စီးပွားရေးဆိုင်ရာ မူဝါဒနှင့် လူမှုရေးဆိုင်ရာမူဝါဒများကိုပြန်လည်သုံးသပ်၍ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သဖြင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးအတွက် စနစ်ပိုမိုခိုင်မာအားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိအချိန်ထိ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို စောင့်ရှောက်မှုများအနေဖြင့် လူမှုရေးပိုင်းဆိုင်ရာစောင့်ရှောက်မှုနှင့် ကျန်းမာရေးပိုင်းဆိုင်ရာ စောင့်ရှောက်မှုဟူ၍ (၂) မျိုးခွဲခြား စောင့်ရှောက်လျက်ရှိရာ ဘိုးဘွားများ၏ဖြတ်သန်းလာသည့်ဘဝတစ်လျှောက် လိုအပ်ချက်များအပေါ်မူတည်၍ နည်းလမ်းအသစ်များဖြင့် ပြုစုစောင့်ရှောက်ပေးရန်နှင့် ထောက်ပံ့ပေးရန် လိုအပ်ကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ထောက်ပံ့ခဲ့ရာ လက်ရှိတွင် အကျိုးခံစားခွင့်ရှိသူဘိုးဘွား (၂၃၂,၇၀၃)ဦး ရှိကြောင်း၊ သက်ကြီးရွယ်အိုများဦးဆောင်ပြီး အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ လူငယ်များ ပါဝင်သည့် “Inclusive Self-Help Groups”

"လူမှုအားမာန်" အဖွဲ့ပေါင်း (၂၇၇) ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများကိုလည်း (၁.၁၁.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများအား နည်းစနစ်ကျကျ စောင့်ရှောက်မှုပေးနိုင်ရန် စီမံခန့်ခွဲမှု သင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များကို တင်ပြခဲ့ပြီး သက်ကြီးရွယ်အိုဘာသာရပ် ပညာရှင် ပါမောက္ခဒေါက်တာမြင့်ဟန်မှ သက်ကြီး ဘိုးဘွားများ စောင့်ရှောက်ခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်း ပြောကြားကာ အစည်းဝေးသို့ တက်ရောက်လာကြသူများမှ အကြံပြုဆွေးနွေးခဲ့ကြပါသည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အစည်းအဝေးများကျင်းပခြင်း



ဒီဇင်ဘာလ ၇ ရက်၊ နေပြည်တော်

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်ရှိ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၂) အစည်းအဝေးကို (၇-၁၂-၂၀၂၂)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းကော်မတီ၏

အဓိကတာဝန်မှာ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် ဘဏ္ဍာရန်ပုံငွေကို စီမံခန့်ခွဲရာတွင် အမျိုးသား ကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်၊ သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကိုက်ညီစေရေး၊ စနစ်တကျရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက တင်ပြတောင်းခံလာသည့် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများအတွက် ရန်ပုံငွေများအပြင် ကိုဗစ်-၁၉ ကိစ္စရပ်များတွင် သုံးစွဲရန်အတွက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ရန်ပုံငွေများကို ခွင့်ပြုချက်ဖြင့် ထောက်ပံ့လွှဲပြောင်းပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်လျှင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ကော်မတီဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ ခုနှစ်ပါ ပြဋ္ဌာန်းချက်အရ ထူထောင်ထားသည့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ် ထည့်သွင်းပေးလျက်ရှိပါကြောင်း၊ ရန်ပုံငွေများကို သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာရန်ပုံငွေများကို အကျိုးရှိထိရောက်စွာနှင့် အလေအလွင့်မရှိစေရေး သုံးစွဲရန်လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

နေ့လည် (၁၃:၀၀) နာရီတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအဖွဲ့ဝင်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကော်မတီဝင် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အတည်ပြု

ပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့် (၂၀၂၂) နှင့်အညီ အဆင့်ဆင့်သော သဘာဝဘေးစီမံချက်များကိုပြန်လည်စိစစ်ပြင်ဆင်ရေးဆွဲ ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ နေပြည်တော်၊တိုင်းဒေသကြီး /ပြည်နယ်အလိုက် ဆောင်းရာသီနှင့် နွေဦးကာလများတွင် ဖြစ်ပွားလေ့ရှိသော ဘေးများအတွက် ကြိုတင်ပြင်ဆင်မှု များ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ကျန်ရှိ သောလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေ ဖြင့် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ တင်ပြ နိုင်ရေးအတွက်ကျိုးကြောင်းဖော်ပြချက်နှင့်အတူရှင်းလင်း တင်ပြပေးကြရန်နှင့် ပြည်သူများပါဝင်သော ဇာတ်တိုက် လေ့ကျင့်မှုများ၊ ပြည်သူလူထုအသိပညာပေး လုပ်ငန်းများ ကို အမျိုးသားကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ လုပ်ငန်း ကော်မတီဝင်များ အနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများအား လျင်မြန်ထိရောက်စွာ ကူညီ ဆောင်ရွက်နိုင် ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြရန်တို့ကို ပြောကြားခဲ့ပါသည်။

လုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီနှင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ် ညှိနှိုင်းပေးခဲ့ပါသည်။

## မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့သင်တန်း၊ အမှတ်စဉ်(၃)ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်၊ နေပြည်တော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆောင်ရွက်သည့် မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့သင်တန်း၊ အမှတ်စဉ်(၃)ဖွင့်ပွဲ အခမ်းအနား

ကို ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် နေပြည်တော်၊ ရွှေစံအိမ် ဟိုတယ်၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ သင်တန်းသားများကလူကိုယ်တိုင်တက်ရောက် ၍ လည်းကောင်း၊ AHA Centre မှ Executive Director Mr. Lee Yam Ming နှင့် တာဝန်ရှိသူများက Online မှ လည်းကောင်း တက်ရောက် ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက် အဖွင့် အမှာစကား ပြောကြားရာ၌ ကချင်ပြည်နယ်၏ သဘာဝ ဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရေးနှင့် ပြည်နယ်အတွင်း သဘာဝဘေး အန္တရာယ်များဖြစ်ပွားလာပါက မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့နှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် ကချင်ပြည်နယ်အတွင်းရှိ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်နေသောပုဂ္ဂိုလ်များကို ဦးတည်ပြီး ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ တွင် ဘေးအန္တရာယ်များဖြစ်ပွားလာပါက အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက် မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်း ကာ ၂၀၂၁ ခုနှစ်မှစတင်၍ သင်တန်းများ ဖွင့်လှစ်ခဲ့ပါ ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ဆိုင်ရာအာဆီယံသဘောတူစာချုပ် ASEAN Agreement on Disaster Management and Emergency Response (AADMER) ကို သဘောတူ လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံသဘာဝဘေး အန္တရာယ်စီမံ ခန့်ခွဲမှုကော်မတီ (ASEAN Committee on Disaster Management-ACDM)နှင့် ပူးပေါင်း၍ AADMER စာချုပ်ကို အကောင်အထည် ဖော်လျက်ရှိရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ACDM ၏ Focal Point အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ AADMER အရ အာဆီယံဒေသတွင်း သဘာဝဘေး အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင် စွာ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအရေးပေါ် တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-Emergency Response and Assessment Team-ASEAN-ERAT)ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်း ခဲ့ပါကြောင်း၊ ASEAN-ERATအဖွဲ့သည် ဘေးအန္တရာယ်ကျ ရောက်သော အိမ်ရှင်နိုင်ငံအစိုးရ၏ အနီးကပ်ကြီးကြပ်မှု နှင့် သဘာဝဘေးအရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများဖြစ် သည့် ဘေးသင့်ဒေသများတွင် ကနဦးစာရင်းကောက်ယူ ခြင်း၊ လူသားချင်း စာနာကူညီမှုအဖွဲ့အစည်းများနှင့် အစိုးရဌာနများအကြား ပေါင်းစပ်ညှိနှိုင်းခြင်း၊ သတင်း အချက်အလက် စီမံခန့်ခွဲခြင်း၊ ထောက်ပံ့ပို့ဆောင်ခြင်း စသောလုပ်ငန်းများနှင့် သက်ဆိုင်ရာနိုင်ငံအစိုးရက ပေးအပ် သော သီးခြားတာဝန်များ ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင် ASEAN-ERAT သင်တန်းတက်ရောက်ပြီးသူ (၂၂) ဦး လက်ရှိ တာဝန်ထမ်းဆောင်နေပြီး ASEAN ဒေသတွင်း ဘေးကျ ရောက်မှုများတွင် ပူးပေါင်းရင်ဆိုင်တုံ့ပြန်နိုင်ရန် အသင့်ရှိ နေပါကြောင်း၊ ဒေသတွင်းအဆင့်တွင် ဖွဲ့စည်းထားသော ASEAN-ERAT ကဲ့သို့ မြန်မာနိုင်ငံတွင် သဘာဝဘေး အန္တရာယ်ဖြစ်ပွားသည့်အခါ နိုင်ငံအဆင့်အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ နေရပ် စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များမှာ

ကူညီနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ AHA Centre တို့နှင့်ပူးပေါင်း၍ မြန်မာ ဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ နည်းပြသင်တန်း(၁)ကြိမ်ကို ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် သင်တန်းသား(၁၅)ဦးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ AHA Centre က နည်းပြများဖြင့် လေ့ကျင့်ထားသူများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်းများ၏ ပို့ချပေးမှုဖြင့် မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေး သင်တန်းအမှတ်စဉ်(၁)နှင့် (၂)ကို ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများတွင် နေပြည်တော်တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုသင်တန်းတွင် ယခင်အပတ်စဉ် (၁)နှင့် (၂)တွင် ပို့ချသော နည်းပြများအပြင် AHA Centre က ကျွမ်းကျင်ပညာရှင်များက Online ဖြင့် ပါဝင်ပို့ချကြမှာဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ AHA Centre မှ Executive Director Mr.Lee Yam Ming က မြန်မာ ဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့သင်တန်းကို ဆောင်ရွက်ရန် ၂၀၁၉ ခုနှစ်မှ စတင်၍ စီစဉ်ခဲ့ပါကြောင်း၊ မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်း (MDRT) သင်ရိုးညွှန်းတမ်းကိုရေးဆွဲခဲ့ပြီး နည်းပြ သင်တန်း (၁)ကြိမ်ကို ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလမှာ သင်တန်းသား(၁၅)ဦးဖြင့် ဆောင်ရွက်နိုင်သကဲ့သို့ မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့သင်တန်း (MDRT) (၁) နှင့် (၂)အားလည်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုသင်တန်းတွင် အချို့သောသင်ခန်းစာများအား Virtually ပို့ချ ပေးသွားမည်ဖြစ်ကြောင်း၊ MDRT သင်တန်းနှစ်စဉ်ပိုမိုဆောင်ရွက်နိုင်ရေး ASEAN-ERAT သင်တန်းများသို့ မြန်မာကိုယ်စားလှယ်များ ဖိတ်ကြားနိုင်ရေးတို့အား ဆက်လက်အလေးထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း Video Conferencing စနစ်ဖြင့် ပြောကြားခဲ့ပါသည်။

မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့သင်တန်း၊ အမှတ်စဉ် (၃)ကို (၁၂-၁၂-၂၀၂၂) ရက်နေ့မှ(၁၇-၁၂-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။

## Gender, CEDAW, NSPAW နှင့် UNSCR 1325 အသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း(နေပြည်တော်) နှင့် မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံးနှင့်မော်လမြိုင်တက္ကသိုလ်တို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကျင်းပခြင်း



လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် Gender, CEDAW, NSPAW, UNSCR 1325 အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့၊ နံနက် (၀၉ : ၀၀) နာရီတွင် ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သင်တန်းသား (၃၀) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစသည့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းမှာကျား၊မ အခြေခံသဘောတရားများကို သိရှိနားလည်၍ အမျိုးသမီးအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး၊ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဝန်ဆောင်မှုများနှင့် ကြိုတင်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများအား ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့ ဌာနများ၏ ဆောင်ရွက်ချက်များတွင် ကျား၊မ ရေးရာကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးအခွင့်အရေးရရှိမှု ပိုမိုမြင့်မားလာစေရန်အတွက် ကူညီဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းပို့ချခဲ့ရာ Gender ၊ CEDAW၊ NSPAW ၊ UNSCR 1325 အသိပညာပေးသင်တန်းအား ညနေ (၁၇: ၃၀) နာရီတွင် ဖွင့်လှစ်ပြီးစီး ခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် မော်လမြိုင်တက္ကသိုလ်တို့ ပူးပေါင်း၍ မော်လမြိုင်တက္ကသိုလ်မှ ကျောင်းသား/ကျောင်းသူများအား လူငယ်ရေးရာမူဝါဒပါကဏ္ဍ (၁၆) ရပ် အနက်ကဏ္ဍတစ်ခုအဖြစ် ပါဝင်သော ကျား၊ မ ညီမျှမှုကဏ္ဍနှင့် ဆက်စပ်သည့် ကျား၊ မရေးရာ (Gender)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women - CEDAW)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) (National Stragetic Plan for the Advancement of Women – NSPAW) နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ ( United Nations Security Council Resolution 1325 ) အသိပညာပေးဟောပြောပွဲကို (၂၀.၁၂.၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ အချိန် မော်လမြိုင်တက္ကသိုလ်၊ ခန်းမဆောင် (၁၅) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




အဆိုပါ အခမ်းအနားတွင် မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် Dr. သီတာထွန်းက အဖွင့်အမှာစကားပြောကြားပြီး၊ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူး ဒေါ်လှဲ့ယဉ်ဝင်းက ဟောပြောပွဲကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် အမျိုးသမီး ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နေသော နွေးထွေးသောရင်ခွင် ကိုယ့်အားကိုယ်ကိုးအဖွဲ့စီမံချက် မန်နေဂျာဦးဇော်မိုးအောင်က ကျား၊ မရေးရာ (Gender)၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှုအကြောင်း (Gender Based Violence) အကြောင်းကို ရှင်းလင်း

ဟောပြောပြီး၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women - CEDAW)၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) (National Stragetic Plan of the All Forms of Discrimination Against Women – NSPAW) နှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီဆုံးဖြတ်ချက် ၁၃၂၅ ( United Nations Security Council Resolution 1325 တို့ကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားကို မွန်းတည့်(၁၂:၀၀)နာရီတွင် ရုပ်သိမ်း လိုက်ပါသည်။

အဆိုပါ ဟောပြောပွဲသို့ မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား (၃၁၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေနှင့်နည်းဥပဒေ အသိပညာပေးဆွေးနွေးပွဲကျင်းပခြင်း



မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ (၂၈.၁၂.၂၀၂၂) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် မော်လမြိုင်မြို့၊ ပြည်နယ်လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဒေါ်လွဲ့ယဉ်ဝင်းမှ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေနှင့် နည်းဥပဒေပါ အခန်းများ၊ ဘိုးဘွားရိပ်သာများမှ ဆောင်ရွက်ရမည့် တာဝန်များကို Power Point ဖြင့် အသေးစိတ်ရှင်းလင်း ပြောကြားပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းရာ ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးမှ ပြန်လည်ဖြေကြားပြီး နိဂုံးချုပ်စကား ပြောကြားကာ ဆွေးနွေးပွဲကို မွန်းတည့် (၁၂:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဘိုးဘွားရိပ်သာများမှ ကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များမှ ကိုယ်စား လှယ်များ၊ INGOs, NGO အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများ စုစုပေါင်းအင်အား (၃၅) ဦး တက်ရောက်ခဲ့ကြပါသည်။

## မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံးနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံးတို့ ပူးပေါင်း၍ "ကလေးသူငယ် အခွင့်အရေးကိုယ်တိုင်သိရှိ နားလည်ရေး" အသိပညာပေးဟောပြောမှုမှတ်တမ်းများ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်၊လူမှုဝန်ထမ်းရုံးနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံးတို့ပူးပေါင်း၍ မော်လမြိုင်မြို့၊ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမနှင့် မုဒုံမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှင်အရဟံခန်းမတို့၌ ကိုယ်တိုင်သိရှိ နားလည်ရေး အသိပညာပေး ဟောပြောပွဲကို (၁၄.၁၂.၂၀၂၂) ရက်နေ့၊

နံနက် (၁၀:၀၀) နာရီအချိန် တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါဟောပြောပွဲတွင် မွန်ပြည်နယ်၊လူမှုဝန်ထမ်းရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင် သိရှိနားလည်ရေး၊ မိုင်းအန္တရာယ်အသိပညာပေးခြင်း၊ လူကုန်ကူးမှုကင်းဝေးဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းစို့၊ မူးယစ်အန္တရာယ် လူ့ရန်စွယ် အကြောင်းများကို အသိပညာပေးဟောပြောခဲ့ပြီး၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်များအကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြပါသည်။ အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား (၁၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်ပြီး မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံး၊ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဝင်းက ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင်သိရှိနားလည်ရေး၊ မိုင်းအန္တရာယ် အသိပညာပေးခြင်း၊ လူကုန်ကူးမှုကင်းဝေးဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းစို့၊ မူးယစ်အန္တရာယ်လူ့ရန်စွယ်အကြောင်းများကို အသိပညာပေးဟောပြောခဲ့ပြီး၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံး၊ ဦးစီးအရာရှိက ကြိုတင်ကာကွယ်သဘာဝ ဘေးအန္တရာယ်များ အကြောင်းကို အသိပညာပေးဟောပြောခဲ့ကြပါသည်။ အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ ကျောင်းသားသူများ စုစုပေါင်းအင်အား(၁၃၅)ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါ အကြောင်းအရာများနှင့် ပတ်သက်၍မေးခွန်းအမေးအဖြေ များကို ကျောင်းသား/သူများအား မေးမြန်းကာ လက်ဆောင် ပစ္စည်းများ၊ အာဟာရမုန့်များပေးအပ်ခြင်းနှင့် အသိပညာ ပေး လက်လမ်းစာစောင်များကို ဖြန့်ဝေ၍ အခမ်းအနားကို နေ့လည် (၁၂:၀၀) နာရီတွင် ရုတ်သိမ်းလိုက်ပါသည်။

ဆက်လက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် ပြည်နယ်ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံးတို့ပူးပေါင်း၍ ချောင်းဆုံမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၊အ.ထ.က(ချောင်းဆုံ) ခန်းမ၌ ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင်သိရှိ နားလည်ရေး အသိပညာပေးဟောပြောပွဲကို (၂၉.၁၂.၂၀၂၂) ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဝင်းက ကလေး သူငယ်အခွင့်အရေး ကိုယ်တိုင်သိရှိနားလည်ရေး၊ လူကုန်ကူးမှု ကင်းဝေးဖို့ အားလုံးဝိုင်းဝန်း ပူးပေါင်းစို့၊ မူးယစ်အန္တရာယ် လူ့ရန်စွယ် အကြောင်းများကို ဟောပြောခဲ့ပြီး၊ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံး၊ ဦးစီးအရာရှိက ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်များ အကြောင်း ကို အသိပညာပေး ဟောပြောခဲ့ကြပါသည်။ အခမ်းအနား သို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား/သူ များ စုစုပေါင်းအင်အား (၁၄၀) ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါ အကြောင်းအရာများနှင့်ပတ်သက်၍ မေးခွန်း အမေးအဖြေများကို ကျောင်းသား/သူများအား မေးမြန်း ကာ လက်ဆောင်ပစ္စည်းများ၊ အာဟာရမုန့်များ ပေးအပ်ခြင်း နှင့် အသိပညာပေးလက်ကမ်းစာဆောင်များကို ဖြန့်ဝေ၍

အခမ်းအနားကို နံနက် (၁၁:၃၀) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံးတို့ ပူးပေါင်း၍ မော်လမြိုင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၌ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင်သိရှိ နားလည်ရေး အသိပညာပေးဟောပြောပွဲကို ( ၂၉.၁၂.၂၀၂၂ ) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




အဆိုပါ ဟောပြောပွဲတွင် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင်သိရှိနားလည်ရေး၊ မိုင်းအန္တရာယ်အသိ ပညာပေးခြင်း၊ လူကုန်ကူးမှုကင်းဝေးဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းစို့၊ မူးယစ်အန္တရာယ်လူ့ရန်စွယ် အကြောင်းများကို ဟောပြောခဲ့ပြီး၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ကြို့တင်ကာကွယ် သဘာဝဘေးအန္တရာယ်များ အကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြပါသည်။ အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများ၊ ကျောင်းသား/သူများ စုစုပေါင်းအင်အား (၁၆၂) ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါ အကြောင်းအရာများနှင့် ပတ်သက်၍ မေးခွန်းအမေးအဖြေများကို ကျောင်းသား/သူများအား မေးမြန်းကာ လက်ဆောင် ပစ္စည်းများ၊ အာဟာရမုန့်များပေးအပ်ခဲ့ပြီး အခမ်းအနားကို မွန်းတည့် (၁၂:၀၀) နာရီ တွင် ရုပ်သိမ်းလိုက်ပါသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအခမ်းအနားကျင်းပခြင်း

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ကြီးမှူး၍ (၇.၁၂.၂၀၂၂) ရက်နေ့ နံနက် (၉:၀၀) နာရီတွင် အမျိုးသမီးကလေးများသင်တန်းကျောင်း(မလိခ)၊ အားကစားရုံတွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ကျောင်းသား/သူများစုစုပေါင်း(၁၅၁)ဦး တက်ရောက်ခဲ့ပါသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး

ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး (၁၆) ရက်တာလှုပ်ရှားမှု Video အား ပြသခဲ့ပါသည်။ ဆက်လက်၍ အမျိုးသမီးများ အပေါ်အကြမ်းဖက်မှု တိုက်ဖျက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု စကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ Facilitator အဖြစ် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခိုင်က ဆောင်ရွက်ခဲ့ပြီး Speaker များအဖြစ် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူစိန်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာမှ အတွင်းရေးမှူး ဒေါ်အေးမာဦး၊ မရမ်းကုန်းခရိုင် ဥပဒေအရာရှိ ဒေါ်ငြိမ်းငြိမ်းအိ၊ မရမ်းကုန်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးညွန့်ဝင်းနှင့် Central ECCD Resource Center မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမာတို့က ဆွေးနွေးခဲ့ကြပါသည်။



အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အလုပ်ရုံဆွေးနွေးပွဲ

စစ်ကိုင်းတိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၇.၁၂.၂၀၂၂)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ တက်ရောက်သူစုစုပေါင်း (၁၂)ဦးတက်ရောက်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူးဖြစ်သူ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်၊ တတိယ (၃) လပတ် ကာလအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြပါသည်။ ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။



မွန်ပြည်နယ် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အလုပ်ရုံဆွေးနွေးပွဲကို (၁၅.၁၂.၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




အလုပ်ရုံဆွေးနွေးပွဲတွင် မွန်ပြည်နယ် အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးမျိုးဆွေအား တက်ရောက်လာကြသူများက တစ်ဦးချင်း မိတ်ဆက်ပြီးနောက် ဥက္ကဋ္ဌမှ အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် မွန်ပြည်နယ်၊ ဥပဒေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်နီလာခိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉) ပါ ကလေးသူငယ်အခွင့်အရေးများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်ပါ ကလေးသူငယ်အခွင့်အရေးများ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးသူငယ်များအတွက် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ အလုပ်လုပ်ကိုင်နိုင်သော ကလေးသူငယ်၏ အသက်အရွယ်များစသည်တို့ကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ပြည်နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းအေးက မြန်မာနိုင်ငံအတွင်း ပြဋ္ဌာန်းထားသော အလုပ်ရုံနှင့် အလုပ်သမားဥပဒေပါ အလုပ်လုပ်ကိုင်နိုင်သော ကလေးသူငယ်များ၏ အသက်အပိုင်းအခြားများ၊ လုပ်ငန်းခွင်အတွင်း အလုပ်ရှင်များမှ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသွားပါသည်။ ထို့ပြင် ပြည်နယ် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တိုးတိုးချစ်က အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေများ၊ အလုပ်ရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ စသည်တို့ကို ထပ်ဆင့် ရှင်းလင်းပြောကြားသွားပါသည်။ ထို့နောက် မွန်ပြည်နယ်အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး၊ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်လှဲ့ယဉ်ဝင်းက ယနေ့ဆွေးနွေးပွဲသို့ ကော်မတီဝင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ အခြားလုပ်ငန်းရှင်များတက်ရောက်ပြီး ဥပဒေများကို ရှင်းရှင်းလင်းလင်း သိရှိရသည့်အတွက် အကျိုးကျေးဇူးများသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ပေါ်ပေါက်လာပါက လူမှုဝန်ထမ်း ဦးစီးဌာနမှသင်တန်းရရှိပြီးသော ဖြစ်ရပ်စီမံခန့်ခွဲသူများက စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်စကားပြောကြားပြီးအလုပ်ရုံဆွေးနွေးပွဲကိုနေ့လယ်(၁၂:၀၀) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မွန်ပြည်နယ်၊ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ ကော်မတီဝင်များ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် အခြားသောလုပ်ငန်းရှင်များ စုစုပေါင်းအင်အား (၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်ပြီး မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီမှ

ကြီးမှူး၍ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို(၂၈.၁၂.၂၀၂၂) ရက်နေ့၊ မွန်းလွဲ (၁၄:၀၀) အချိန်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေမြိုင်ခန်းမ၌ တက်ရောက်အင်အား (၂၀) ဦးဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက မွန်ပြည်နယ်အတွင်း ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ထားမှုအခြေအနေများကို Power Point ရှင်းလင်းတင်ပြပါသည်။ထို့နောက် တက်ရောက်လာသောကော်မတီဝင်များက သက်ဆိုင်ရာဌာနအလိုက် ဆွေးနွေးတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းဖြင့် နိဂုံးချုပ်အမှာစကားကို မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုက ပြောကြားပြီး အခမ်းအနားကို (၁၅:၀၀) အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုနှင့်ပတ်သက်၍ အသိပညာပေး Talk show ရိုက်ကူးထုတ်လွှင့်ခြင်း




(၁.၁၂.၂၀၂၂) ရက်နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်ချထားရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် ချောင်းဆုံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနတို့ ပူးပေါင်း၍ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ရက်တာ လှုပ်ရှားမှု" အသိပညာပေး ဆွေးနွေးမှု Talk show အစီအစဉ်အား ရိုက်ကူးခဲ့ပါသည်။

## လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့အစည်းအဝေး



စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဖြစ်ရပ်စီမံ ခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးကို (၂၃.၁၂. ၂၀၂၂)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ တက်ရောက်သူစုစုပေါင်း (၁၀)ဦး တက်ရောက်ခဲ့ပါသည်။ ထိုအစီအစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လပတ်လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီး ပြောကြားဆွေးနွေးပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့၊ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပါသည်။

## ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရရှိနိုင်သည့် Quick Win Program လုပ်ငန်းများအရ အသိပညာပေးဟောပြောပွဲ (၂)ကြိမ် ဆောင်ရွက်ခြင်း




ဒီဇင်ဘာ ၇ ကော့သောင်း

ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ကော့သောင်းမြို့၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၊ ခရိုင်လူမှုဝန်ထမ်းရုံး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရုံးနှင့် အခြေခံပညာကျောင်းများပူးပေါင်း၍ ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူများအနက် (၆.၁၂.၂၀၂၂)ရက်နေ့တွင် ရွှေပြည်သာရပ်ကွက်၊ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား/ကျောင်းသူ (၁၂၅)ဦးအားလည်းကောင်း၊ (၇.၁၂.၂၀၂၂) ရက်နေ့တွင် ရွှေပြည်စိုးရပ်ကွက်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူ(၂၁၀)ဦးအားလည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာအသိအမြင်များနှင့် မိုင်းအန္တရာယ်များဆိုင်ရာ သိရှိနားလည်စေရန်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် အန္တရာယ်များ သိရှိနားလည်စေရန်၊ ကလေးသူငယ် အခွင့်အရေးများကို ကိုယ်တိုင်သိရှိ နားလည်စေနိုင်ရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်နှင့် အသိပညာ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ကလေးများမှတဆင့် မိသားစုနှင့် ရပ်ရွာအတွင်း အသိပညာများ သိရှိစေရန်၊ လူမှုပတ်ဝန်းကျင်ကောင်းကို အထောက်အကူပြုစေရန်၊ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များနှင့် ဆောင်ရန်၊ ရှောင်ကြဉ်သင့်သည့် အချက်အလက်များ ပိုမိုသိရှိနားလည်နိုင်ပြီး ကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲလုပ်ငန်း(၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး Video Animation များပြသခြင်း၊ ရှင်းလင်း ဟောပြောပို့ချခြင်း၊ မေးခွန်းများ အပြန်အလှန် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်ဆောင်ပစ္စည်း ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

လူမှုရေးရာများနှင့်ပတ်သက်လျှင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင်
HELP LINE
၀၆၇-၃၄၀ ၄၂၂၂
၀၆၇-၃၄၀ ၄၉၉၉
HOT LINE
၀၆၇-၃၄၀ ၄၆၆၆
၀၆၇-၃၄၀ ၄၇၇၇
၂၄-နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအတွင်း အသိပညာပေးဆောင်ရွက်မှု



- (၂၇-၁၁-၂၀၂၂) ရက်နေ့တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီးကျေးရွာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၂၈-၁၁-၂၀၂၂) ရက်နေ့တွင် တွံတေးခရိုင်၊ ဒလမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- (၇-၁၂-၂၀၂၂) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- (၆-၁၂-၂၀၂၂) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ဇောတိက ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာအသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- (၈-၁၂-၂၀၂၂) ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်မိုန်ကနိမ်းကျေးရွာ၌ သဘာဝဘေး အန္တရာယ် ဆိုင်ရာအသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၉-၁၂-၂၀၂၂) ရက်နေ့တွင် မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာ၌ သဘာဝဘေး အန္တရာယ်များနှင့် Covid-19 အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၉-၁၂-၂၀၂၂) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ အ-ထ-က(၁) အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၉-၁၂-၂၀၂၂)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၁၄-၁၂-၂၀၂၂) ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ မုဒုံမြို့နယ် ကြက်ခြေနီအသင်းခွဲတို့နှင့်ပူးပေါင်း၍ မုဒုံမြို့၊ အ.ထ.က(၁)အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- (၁၄-၁၂-၂၀၂၂) ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၁၄-၁၂-၂၀၂၂) ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ သထုံခရိုင်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ အ.ထ.က(၄)သထုံ၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၁၅-၁၂-၂၀၂၂) ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ သထုံခရိုင်၊ ပေါင်မြို့နယ်၊ အ.ထ.က သဖြူချောင်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၁၆-၁၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ ထောင်မှူးကျေးရွာတွင် Covid-19 ကူးစက်ရောဂါသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- (၁၇-၁၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာတွင် Covid-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၁၉-၁၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားချောင်ကျေးရွာတွင် Covid-19 ကူးစက် ရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- (၂၀-၁၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ သထုံမြို့၊ မင်းလမ်း၊ ရေစက်အနီးမီးဘေးပိုစတာပြောင်းလဲ စိုက်ထူဆောင်ရွက်ခဲ့ပါသည်။

- (၂၀-၁၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဖြူဘကျေးရွာတွင် နေထိုင်သော ပြည်သူများအား Covid-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- (၂၁-၂၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ သရက်တောကျေးရွာနေထိုင်သော ပြည်သူများအား Covid-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- (၂၂-၁၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ ပေါင်မြို့နယ်၊ သဖြူချောင်ကျေးရွာတွင်နေထိုင်သော ပြည်သူများအား Covid-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဆောင်ရွက်ခဲ့ပါ သည်။
- (၃၂-၁၂-၂-၂၂) ရက်နေ့တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ အောင်းစိုင်ကျေးရွာတွင် နေထိုင်သော ပြည်သူများအား အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- (၂၄-၁၂-၂၀၂၂) ရက်နေ့တွင် သထုံခရိုင်၊ ပေါင်မြို့နယ်၊ ရင်းငြိမ်မြောက်ကျေးရွာတွင်နေထိုင်သော ပြည်သူများအား Covid-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဘေးသင့်ပြည်သူများအားထောက်ပံ့မှုအခြေအနေ

- ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ညောင်တုန်းမြို့နယ်၊ ဆင်ထုံးကျေးရွာအုပ်စု၊ ရွှေဟင်္သာ (အထက်စု) ကျေးရွာ လေဘေးသင့် ပြည်သူများထံ (၂၉-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ထော်သိုကျေးရွာအုပ်စု၊ ထော်သိုကျေးရွာလေဘေးသင့်ပြည်သူများထံသို့ (၂-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ မှုများ ပေးအပ်ခဲ့ပါသည်။
- မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ လေဘေးသင့် ပြည်သူများထံ (၅-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။
- ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့နေအိမ်အတွက် (၂၆-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု(ပါဠိမဥ္ဇူ)သီလရှင်စာသင်တိုက်မီးဘေးအတွက် (၂၉-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။
- ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မီးဘေးသင့်ပြည်သူများထံသို့ (၅-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။



- ဗိုလ်တထောင်မြို့နယ်၊ အနောက်ဘက်ခြမ်း၊ သမ္မတကမ်းခြေနှင့် ခနောင်ရွာကြား ရေယာဉ်ပေါ်ရှိ မီးဘေးသင့် ပြည်သူများအား (၅-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။
- ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ အဝေရာလမ်းရှိ မီးဘေးသင့်ပြည်သူများအား (၇-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကျေးရွာအုပ်စု မီးဘေးသင့်ပြည်သူများထံသို့ (၈-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအနောက်ရပ်ကွက် မီးဘေးသင့်ပြည်သူများထံသို့ (၂၀-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ ကမာဝင်ရပ်ကွက်၊ ရှမ်းရွာရပ် မီးဘေးသင့်ပြည်သူများထံသို့ (၂၂-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာတောင်ပိုင်း မီးဘေးသင့် ပြည်သူများထံသို့ (၂၂-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ရေလိမ်ကျေးရွာအုပ်စု၊ မဲဇလီချောင်းကျေးရွာတွင် မိုးကြိုးဘေးဖြစ်ပွားမှုကြောင့် (၅-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မော်လမြိုင်ကျွန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မရမ်းကျေးရွာအုပ်စု၊ တောင်ပို့ကုန်းကျေးရွာတွင် မိုးကြိုးဘေးပြည်သူများထံသို့ ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အိန္ဒိယနိုင်ငံ၊ အန်ဒမန်နိုင်ငံနှင့် နီကိုဘားကျွန်းရှိ ပိုးဘလဲအကျဉ်းထောင်၌သတ်မှတ်ပြစ်ဒဏ်ကျခံပြီးနောက် လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား (၄၂)ဦးနှင့် နီကိုဘားကျွန်းတောင်ဘက်တွင်ရေမျောနေသဖြင့် အိန္ဒိယရေယာဉ်မှ ကယ်ဆယ်ခဲ့သည့် မြန်မာရေလုပ်သား(၁)ဦး၊ စုစုပေါင်း(၄၃)ဦးတို့အား (၂၄-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကျိုက်မရောမြို့နယ်မှ နယ်မြေလုံခြုံရေး အရမုဒုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ဘုန်းကြီးကျောင်းနှင့် နေအိမ်များသို့ ရောက်ရှိလာသော တိုက်ပွဲရှောင် ပြည်သူများ ထံသို့ (၂၈-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မြဝတီခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြဝတီမြို့အမှတ် (၁) ရပ်ကွက်၊ မိုးကုတ်ဈေး ၊ ဒေါနလမ်းတွင် မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်(၁)လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရာ အဆိုပါဘေးသင့် ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ (၄၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၈,၄၀၀/-)တို့ကို (၂၆-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

- မြဝတီခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြဝတီ(၃)ရပ်ကွက်၊ ပုလဲလမ်းသွယ်၊ တောင်တန်း ဘုန်းကြီးကျောင်း အနောက်ဘက်တွင် မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်(၁၂)လုံး လုံးဝပျက်စီးခဲ့ရာ အဆိုပါ ဘေးသင့် ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ (၆၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၉၂,၄၀၀/-) တို့ကို (၂၆-၁၂-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

- ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ နောင်ပလိန်ကျေးရွာအုပ်စု၊ နောင်ဖါလဲကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး၊ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်(၁)လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရာ အိမ်ဆောက်စွည်းဖိုးငွေ (၅၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ(၁၈,၉၀၀/-) တို့ကို (၁၀-၁၂-၂၀၂၂)

ရက်နေ့တွင် ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

- မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာအုပ်စု၊ ကံမော်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် (၁)လုံး လုံးဝပျက်စီးခဲ့ရာ အဆိုပါ ဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ (၁၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုး (၁၁၂,၆၀၀/-)တို့ကို (၂-၁၂-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ အနောက်စူလာကျွန်း အနောက်မြောက် (၉၁) မိုင်ခန့်အကွာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည် လှေတစ်စီး နစ်မြုပ်နေသဖြင့် တပ်မတော်(ရေ)မှ ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အဆိုပါဘင်္ဂါလီလူမျိုး(၁၅၄)ဦးအတွက် ကျားလုံချည် (၁၀၆)ထည်၊ မ လုံချည်(၄၈)ထည်၊ တဘက်(၁၅၄)ထည်၊ ဆပ်ပြာ (၁၅၄) တောင့် နှင့် တီရှပ်(၁၅၄)ထည်တို့အား (၉-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ နားငွေ့ောင်းကျကျေးရွာတွင် မီးလောင်ကျွမ်းမှုကြောင့် နေအိမ်(၁)လုံး လုံးဝပျက်စီးခဲ့ရာ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ(၁၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ(၄,၂၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၆-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မင်းနန်းသူကျေးရွာအုပ်စု၊ မင်းနန်းသူကျေးရွာတွင် မီးလောင်ကျွမ်းမှုကြောင့် နေအိမ်(၁)လုံး လုံးဝပျက်စီးခဲ့ရာ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေ(၁၀၀,၀၀၀/-)၊ ဆန်ရိက္ခာတန်ဖိုးငွေ(၁၄,၇၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၅- ၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်တွင် ဝေယံကျော် ဘုန်းကြီးကျောင်းတွင် မီးလောင်ကျွမ်းမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရာ ကျောင်းဆောက်ပစ္စည်းတန်ဖိုးငွေ(၅၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၇၉,၈၀၀/-) တို့ကို (၇-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ စကိုင်မြို့နယ်၊ မုံပင်ကျေးရွာအုပ်စု၊ ကံကြီးကျေးရွာတွင် မီးလောင်ကျွမ်းမှုကြောင့် နေအိမ်(၁)လုံး လုံးဝပျက်စီးခဲ့ရာ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ (၂၅၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၁၂,၆၀၀/-) တို့ကို (၁၂-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါတိုးရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် မီးကျွမ်းလောင်မှုကြောင့် လူနေအိမ်(၁)လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရာ ဆန်ရိက္ခာဖိုးငွေ(၁၀,၅၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၁၁-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သစ်ဆိုကြီးကျေးရွာတွင် မီးလောင်ကျွမ်းမှုကြောင့် နေအိမ်(၁)လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရာ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေ(၅၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ(၄,၂၀၀/-) တို့ကို (၁၃-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ်ရှိ ဘုရားစေတီ (၃၈)ဆူမှ စိန်ဖူးတော်များ မြေခြင်း၊

စိန်ဖူးတော်စောင်းခြင်း၊ ဓမ္မာရုံ(၂)ရုံ မျက်နှာကျက်ပျက်စီးခြင်းနှင့် ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရာ ကျောင်းဆောင်ပစ္စည်းတန်ဖိုးငွေ (၅၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ(၁၃၈,၆၀၀/-)တို့ကို (၁၆-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ လေသာကုန်းကျေးရွာတွင် မီးကျွမ်းလောင်မှုကြောင့် နေအိမ်(၁)လုံး လုံးဝပျက်စီးခဲ့ရာ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေ(၁၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ(၆,၃၀၀/-)တို့ကို (၂၁-၁၂-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု

(၇-၁၂-၂၀၂၂) ရက်နေ့တွင် သန်လျင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ဇောတိကကျေးရွာရှိ Cyclone Shelter တွင် မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဘာသာရပ်ဆွေးနွေးပို့ချမှုသတင်း

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၉)မှ သင်တန်းသူ/ သင်တန်းသားများအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဘာသာရပ်ကို (၁၃-၁၂-၂၀၂၂)ရက်နေ့တွင် ဆွေးနွေးပို့ချခဲ့ပါသည်။

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ဗဟိုအဆင့် နည်းပြသင်တန်းတွင် မသန်စွမ်းမှု(၅) မျိုးကောက်ယူနိုင်ရေး သင်တန်းပို့ချခြင်း




၁၄-၁၂-၂၀၂၂ နေပြည်တော်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် မသန်စွမ်းမှု အမျိုးအစားအလိုက် ထည့်သွင်းကောက်ယူနိုင်ရေးအတွက် (၁၄-၁၂-၂၀၂၂) ရက်နေ့၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဗဟိုအဆင့် နည်းပြသင်တန်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဦးစည်သူဝင်း (ညွှန်ကြားရေးမှူး) မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် လိုက်နာရန် အချက်များ၊ မသန်စွမ်းမှု (၅) မျိုးစာရင်း ကောက်ယူနိုင်ရေးအတွက် မသန်စွမ်းမှု တစ်ခုချင်းအလိုက် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များအား ရှင်းလင်းပို့ချခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(လားရှိုး) ၏ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း(အမျိုးသား) အမှတ်စဉ်(၂/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကျင်းပ

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ပြန်လည်ထူထောင် ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (လားရှိုး)၌ (၉-၁၂-၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀)နာရီ အချိန် တွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်း (အမျိုးသား) အမှတ်စဉ် (၂/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနား ကို ကျင်းပခဲ့ပါသည်။



အခမ်းအနားတွင် ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ မူးယစ်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်စွာက မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး ပြဿနာကို အမျိုးသားရေးတာဝန် တစ်ရပ်နေဖြင့် ကြိုးပမ်းဆောင်ရွက် နေပါကြောင်း၊ မူးယစ် ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာ နှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ မူးယစ် ဆေးဝါးပပျောက်ရေးလုပ်ငန်းအား အကောင်ထည် ဖော်ဆောင်ရွက် လျှက်ရှိသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ အဖွဲ့ဝင် အဖြစ်ပါဝင်ပြီး “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ် ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (၁၁)ဖွဲ့ အနက် “ပြန်လည် ထူထောင်ရေးအဖွဲ့” တွင် ဥက္ကဋ္ဌ တာဝန်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်(၅)ရပ်အနက် မူးယစ် ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းရပ် အား အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပြီး မူးယစ်ဆေးဖြတ်ပြီး သူများပြန်လည် ထူထောင်ရေး စခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်လျှက်ရှိပါကြောင်း၊ အဆိုပါစခန်းများတွင် စခန်းအခြေပြု ပြန်လည် ထူထောင်ရေး သင်တန်းများ၊ ရပ်ရွာအခြေပြုပြန်လည် ထူထောင်ရေး သင်တန်းများ ဖွင့်လှစ်ပြီး သင်တန်းသား များ လက်ခံခြင်း၊ သင်တန်းသားများ၏ ကိုယ်ရေး အချက် အလက်များ ကောက်ယူခြင်း၊ ရုပ်ပိုင်း/ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ သက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားပေးခြင်း၊ ရပ်ရွာလူထု အသိုင်း အဝိုင်းတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် နောက်ဆက်တွဲ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေး လျက် ရှိပါကြောင်း၊မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည် ထူထောင်ရေးစခန်းများအနေဖြင့် မူးယစ်ဆေးစွဲသည့် လူမှုဒုက္ခခံစားနေရသူများကို ပြန်လည် ထူထောင်ပေး ခြင်းဖြင့် ပိုမိုကောင်းမွန်သည့်ဘဝ ရရှိစေရေးအတွက် ဆောင်ရွက်လျှက်ရှိပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီး သူများ ပြန်လည် ထူထောင်ရေးသင်တန်းတွင် တက်ရောက်လျှက်ရှိသည့် သင်တန်းသားများအနေဖြင့်

သင်တန်း ကာလအတွင်း သင်တန်းစည်းကမ်းများအား လိုက်နာပြီး ပို့ချသည့်ဘာသာရပ်များအပေါ် တန်ဖိုးထား သင်ယူစေလိုပါကြောင်းနှင့်စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဖြင့် တိုင်းပြည်အကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင် နိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးစား ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်အောင်ဆန်း က မူးယစ်ဆေးဝါးပြဿနာသည် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံ စီးပွားရေးများကို ထိခိုက်ပျက်စီး စေနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ် ဆေးဝါး ပြဿနာကို ထိန်းချုပ်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆက်စပ် ဌာန များမှ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဒေသအတွင်း အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် လည်း နည်းလမ်း အမျိုးမျိုး၊ ကဏ္ဍအမျိုးမျိုးတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်း သားများ အနေနှင့်လည်း ကြုံတွေ့ခဲ့ရသည့် မူးယစ်ဆေးဝါးဆိုးကျိုးများကို သင်ခန်းစာယူပြီး ပြန်လည် ထူထောင်ရေးသင်တန်းမှ သင်ကြားပေးသော သက်မွေး ပညာများကို အခြေခံ၍ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း ပြောကြားခဲ့ပါသည်။



အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဌာန ဆိုင်ရာ ကိုယ်စားလှယ်များ၊ အရပ်ဖက် မိတ်ဖက်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် သတင်းမီဒီယာ များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၊ စုစုပေါင်း (၅၀)ဦးခန့် တက်ရောက်ခဲ့ပါကြောင်း သတင်း ရရှိပါသည်။

